ငဝ်ႈငၢၼ်း ပႃႇတီႇမႂ်ႇသုင်လိူင်ႈတႆး

ရှမ်းပြည်တိုးတက်ရေးပါတီ ဗဟိုဌာနချုပ်

SHAN STATE PROGRESS PARTY, GENERAL HEADQUARTERS

E-mail: sspp.hq@gmail.com

# ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော် ဗဟိုကော်မတီ၏
# ၂၀၁၄ ခုနှစ်၊ နှစ်ချုပ်အစည်းအဝေးမှ ထုတ်ပြန်ကြေညာချက်

ရက်စွဲ - ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ(၃၁)ရက်။
၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း (၁၁)ရက်။

၁။ ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော်၏ နာယက(၂)ဦး၊ ဗဟိုကော်မတီဝင်(၁၉)ဦး၊ အရံဗဟိုကော်မတီဝင်(၅)ဦး နှင့် လေ့လာသူအရာရှိ တပ်မှူး(၁၄၉)ဦး၊ စုစုပေါင်း(၁၇၅)ဦး တက်ရောက်သောနှစ်ချုပ်အစည်းအဝေးကြီးကို ဒီဇင်ဘာလ(၂၇)ရက်နေ့မှ ဒီဇင်ဘာလ(၃၁)ရက်နေ့အထိ ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော်၏ ဗဟိုဌာနချုပ် ဝမ်ဟိုင်းတွင် အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

၂။ ဤနှစ်ချုပ်အစည်းအဝေးသည် ၂၀၁၄ ခုနှစ်အတွင်း မိမိအဖွဲ့အစည်းမှ ဆုံးဖြတ်ချမှတ် ဆောင်ရွက်ခဲ့သည့် ပါတီဆိုင်ရာ၊ တပ်ပိုင်းဆိုင်ရာ၊ အုပ်ချုပ်ရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများ၏ အားသာချက်၊ အားနည်းချက်၊ ချို့ယွင်းချက်များကို စည်းလုံးညီညွတ်ရေးအပေါ် အခြေခံ၍ မိမိကိုယ်ကိုဝေဖန်ရေးနှင့် ဝေဖန်ရေးနည်းဖြင့် အပြုသဘောဆန်ဆန် လက်တွေ့ကျကျ ဝေဖန်သုံးသပ်ဆွေးနွေးပြီး၊ လက်တွေ့တည်ရှိနေသည့်ဘက်ပေါင်းစုံ အခြေအနေများအရ၊ ၂၀၁၅ ခုနှစ် လုပ်ငန်းဆုံးဖြတ်ချက်များကို တညီတညွတ်တည်း ဆုံးဖြတ်ချမှတ်အတည်ပြုနိုင်ခဲ့ပါသည်။

၃။ နိုင်ငံရေးပြဿနာကို စစ်ရေးနည်းဖြင့် ဖြေရှင်းခြင်းသည် ကောင်းမွန်သည့်ရလဒ်အဖြေမရနိုင်ကြောင်း ခါးသီးသောနှစ်ပေါင်း(၆၀)ကျော် ပြည်တွင်းစစ်က သက်သေပြခဲ့ပေပြီ။ ထို့ကြောင့် နိုင်ငံရေးပြဿနာများအား ငြိမ်းချမ်းစွာဖြင့် တွေ့ဆုံဆွေးနွေးရေးနည်းလမ်းသည်သာ ယနေ့တိုင်းပြည်၏ မှန်ကန်သည့် တစ်ခုတည်းသော ထွက်ရပ်လမ်းဖြစ်ကြောင်း လေးလေးနက်နက်ဆွေးနွေးသုံးသပ်ခဲ့ကြသည်။

၄။ ရှမ်းပြည်တွင်းရှိ အဖိနှိပ်ခံလူမျိုးပေါင်းစုံပြည်သူလူထုတရပ်လုံးနှင့် စည်းလုံးညီညွတ်မှုရရှိအောင် ကြိုးပမ်းဆောင်ရွက်၍ ပြည်ထောင်စုအတွင်းရှိ အဖိနှိပ်ခံဘဝတူတိုင်းရင်းသားလူမျိုးပေါင်းစုံ ပြည်သူလူထုများနှင့်ပါ ပိုမိုစည်းလုံးညီညွတ်မှုရရှိလာစေရန်အတွက် ကြိုးပမ်းတည်ဆောက်သွားမည့် လိုအပ်သည့်ဌာနနှင့် လူအင်အားများအပါအဝင် ပြုပြင်ဖွဲ့စည်းခဲ့သည်။

၅။ ကျွန်ုပ်တို့နှင့်အတူ ပြည်တွင်းစစ်ဘေးစစ်ဒဏ်ခံခဲ့ရသော မိဘပြည်သူများအား ပြန်လည်ကုစားပေးနိုင်ရေးအတွက် အခြေအနေပေးသည်နှင့်အမျှ ၎င်းတို့အား ကျေးရွာပြန်လည်ပေးဆပ်သည့်အနေဖြင့် ဆည်မြောင်း၊ တာတမံ၊ လမ်းတံတား၊ ကျေးလက်ပညာရေးကျောင်း၊ ကျေးလက်ဆေးပေးခန်း၊ ကျေးလက်ဒေသရေရရှိရေးနှင့် သာသနာရေးဆိုင်ရာ အဆောက်အဦးများ တည်ဆောက်လှူဒါန်းရေး စသည့်ပြည်သူ့အကျိုးပြု ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ၂၀၁၅ ခုနှစ်အတွင်း တိုးချဲ့ဆောင်ရွက်သွားရန် ဒေသဖွံ့ဖြိုးရေးဌာနများကို စနစ်တကျ ပြန်လည်ဖွဲ့စည်းခဲ့သည်။

၆။ မူးယစ်ဆေးဝါးကင်းစင်ပပျောက်ရေးနှင့်ပတ်သက်၍ ၂၀၁၅ ခုနှစ်အတွင်း ပိုမိုထိရောက်အောင်မြင်စေရန် မိမိပါတီတွင်း၊ တပ်တွင်း၊ ပြည်သူလူထုအတွင်း ပညာပေးရေး၊ အစားထိုးသီးနှံများ အကူအညီပေးရေးနှင့် ဥပဒေအရ အရေးယူအပြစ်ပေးရေးစသည်များကို တဆင့်တိုးကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်၍ ရဟန်းရှင်လူ ပြည်သူလူထုအပေါင်း၏ ပါဝင်လှုပ်ရှားမှုဖြင့် လုပ်ဆောင်သွားရန် လေးနက်တည်ကြည်စွာ ဆွေးနွေးဆုံးဖြတ်ခဲ့သည်။

၇။ တိုင်းရင်းသားလူမျိုးပေါင်းစုံပြည်သူလူထုတစ်ရပ်လုံး မျှော်မှန်းတောင်းတနေသည့် တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ကို အာမခံချက်ပေးနိုင်မည့် စစ်မှန်သော ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် မဆုတ်မနစ် တက်တက်ကြွကြွဖြင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများအားလုံး၊ နိုင်ငံရေးပါတီပေါင်းစုံ၊ အခြေခံလူမှုလူ့အဖွဲ့အစည်းပေါင်းစုံတို့နှင့် လက်တွဲ၍ သွေးစည်းညီညွှတ်စွာ ပါဝင်လှုပ်ရှားဆောင်ရွက်သွားရန် အလေးထားဆွေးနွေးဆုံးဖြတ်အတည်ပြုနိုင်ခဲ့ပါသည်။

၈။ ၂၀၁၅ ခုနှစ်၊ နှစ်သစ်အခါသမယတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံပြည်သူလူထုများနှင့်တကွ မိမိရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော်မှ ပါတီဝင်များအားလုံး၊ တပ်မှူးတပ်သားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဗဟိုကော်မတီ

ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော်